## ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၉-၇-၂၀၁၂ ]

## ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မင်းပြားမြို့နယ်၊ မင်းဇီးကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာ မြင်းကဆိပ်ရွာသူရွာသားများက မင်းပြားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှသီးစားခကင်းလွတ်ခွင့်ပြုရန် အသနားခံစာ တင်သွင်းခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ မည်သို့ ဆောင်ရွက်နိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မင်းပြားမြို့နယ် အထက် ငှက်ပျောချောင်းကျေးရွာအုပ်စု၊ ကြက်ယက်ကျေးရွာနေ ရွာသူရွာသားများက ယနေ့နေထိုင်လျှက်ရှိသည့် ရွာသစ်မှ ယခင်နေထိုင်ခဲ့သော ရွာဟောင်းသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လိုခြင်းနှင့် ပတ်သက်၍ အစိုးရက မည်သို့ပြောင်းရွှေ့နေထိုင်ရမည်ကို စီစဉ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ မိမိကိုယ်ပိုင် ရပ်တည်လိုသော စန်းမြို့ရွာ၊ သင်တောရွာ၊ ကုက္ကားရွာ၊ တော်ဝင်ရွာများအား သီးခြားလွတ်လပ်သော ကျေးရွာများအဖြစ် သတ်မှတ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)၏ **နိုင်ငံတော်သည် ဆင်းရဲမှုပပျောက်ရေး လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်နေပါ၍ အလုပ်အကိုင်ရရှိရေး မူဝါဒ (Employment Policy ) ချမှတ်ထားခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)၏ **"အလုပ်သမားများ၏လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့်ဆိုင်သောရည်မှန်းချက်များ ရရှိရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)၏ **ချင်းပြည်နယ်၊ မတူပီမြို့နယ်နှင့် ရေဇွာမြို့နယ်ခွဲတွင် မိုက်တ္တရိုဝေ့ဗ်ကြားစခန်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမ အဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ပြုထားပါသဖြင့် စိုက်ပျိုးရေး သမဝါယမအသင်း (Agricultural Cooperative) များအတွက် ဥပဒေသစ်ရေးဆွဲရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယ ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာ ထက်သန်စွာ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးနိုင်ပါရန်** အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။